**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

ဒုတိယနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၃.၆၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ ၂-၂-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးခင်မောင်မြင့် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ပခရီးစဉ်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ပခရီးစဉ်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ပခရီးစဉ်။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ပြည်ပခရီးစဉ်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ပါသဖြင့် ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၃)ဦးနှင့် ယနေ့ ခွင့်ပြုထားသူ(၁၁)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၁၄)ဦး ဖြစ်ပါတယ်။

ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့

ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၄) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဓမ္မသကျေးရွာနှင့် ကော့ပလိုင်ကျေးရွာကြားရှိ ရေအရင်းအမြစ်ဦးစီးဌာနမှ လျှပ်စစ် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ခဲ့သည့် မြေနေရာအတွက် နစ်နာသည့်လယ်သမားများအား လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး က မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဓမ္မသကျေးရွာနှင့် ကော့ပလိုင်ကျေးရွာကြားရှိ ရေအရင်းအမြစ်ဦးစီးဌာနမှ လျှပ်စစ် မြစ်ရေတင်စီမံကိန်းဆောင်ရွက်ခဲ့သည့် မြေနေရာအတွက် နစ်နာသည့်လယ်သမားများအား လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ခမ္မသကျေးရွာနှင့် ကော့ပလိုင်ကျေးရွာကြားရှိ ရေအရင်းအမြစ်ဦးစီးဌာနမှ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ခဲ့သည့် မြေနေရာအတွက် မြေလျော်ကြေး ရရှိလိုကြောင်း ဒေသခံပြည်သူများမှ တင်ပြလာမှုအပေါ် အခြေခံ၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုလျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ၂၀၀၃ ခုနှစ်တွင် စတင်ခဲ့ပြီး ထိခိုက်နစ်နာခဲ့သော လယ်သမားများမှာ နစ်နာကြေး၊ လျော်ကြေး မရရှိခဲ့ပါ။ ထို့အတွက်ကြောင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်နေ့တွင် ကျွန်တော်နဲ့အတူ ဒုတိယမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ မြေစာရင်းဌာနမှ တာဝန်ရှိသူများ၊ လျှပ်စစ်မြစ်ရေတင်ဌာနမှ တာဝန်ရှိသူများနှင့် နစ်နာသော လယ်သမား(၄၈)ဦးတို့ ထိုစီမံကိန်းရုံးတွင် တွေ့ဆုံခဲ့ပြီး နစ်နာသောလယ်မြေဧကများကို မြေစာရင်းဌာနတို့နှင့် တွက်ချက်ခဲ့ပါတယ်ခင်ဗျား။ ထို့အတွက်ကြောင့် နစ်နာခဲ့သောလယ်သမား (၄၈)ဦး၏ လယ်မြေဧက(၆၃.၃၉)ဧကအား ဝန်ကြီးဌာနအနေဖြင့် မြေလျော်ကြေး ပြန်လည်ပေးဆောင်နိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ ရှိပါကမည်သည့်ဘဏ္ဍာနှစ်တွင် ပေးမည်ကို သိရှိလိုကြောင်းဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ချင်းပြည်နယ်၊ ပလက်ဝမြို့ပေါ် (၃)ရပ်ကွက်တွင် နေထိုင်ပြီး မီတာဘောက် မတပ်ဆင်နိုင်သော ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနှင့် လက်လုပ်လက်စား မိသားစုများအတွက် ဆိုလာမီး တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့ပေါ် (၃)ရပ်ကွက်တွင် နေထိုင်ပြီး မီတာ မတပ်ဆင်နိုင်သော ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနှင့် လက်လုပ်လက်စား မိသားစုများအတွက် ဆိုလာမီး တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် ချင်းပြည်နယ်တောင်ပိုင်း အစွန်ဆုံးမြို့နယ်ဖြစ်ပြီး အဖက်ဖက်မှ ဖွံ့ဖြိုးမှုနိမ့်ကျသောမြို့နယ် ဖြစ်ပါတယ်။ မြို့ပေါ် (၃)ရပ်ကွက်၊ အိမ်ခြေအားဖြင့် (၁၂၈၅)အိမ်ရှိသည့်အနက် အိမ်ခြေ (၈၃၀)ခန့်သာ မီတာဘောက် တပ်ဆင်နိုင်ခဲ့ပါတယ်။ မီတာဘောက်တစ်လုံး၏ ကာလတန်ဖိုးသည်လည်း (၁)သိန်းဝန်းကျင်ရှိပြီး မီးကြိုးနဲ့ တပ်ဆင်ခအပြီးအစီး (၁)သိန်းခွဲမှ (၂)သိန်းဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ မြို့ပေါ်နေလူဦးရေ (၄၀)ရာခိုင်နှုန်းသည် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းခုတ်ထွင်ပြီး လက်လုပ်လက်စားအလုပ်သမားဖြစ်ပြီး လျှပ်စစ်မီး မသုံးနိုင်သောသူများရှိပါတယ်။ မီတာဘောက်မတပ်ဆင်နိုင်သော တောင်ယာလုပ်ငန်းနှင့် လက်လုပ်လက်စား အလုပ်သမားတို့၏ သားသမီးများဖြစ်ကြသော ကျောင်းသူ၊ ကျောင်းသားများသည် စာဖတ်ရာတွင် ဖယောင်းတိုင်မီး၊ ဆီမီးခွက်များ၊ တစ်ပိုင်တစ်နိုင် ဘက်ထရီအိုးအငယ်လေးတွေ ဝယ်ယူပြီး မီးလုံးဖြင့်သာ စာကိုဖတ်ရှုရပါသည်။

မြို့ပေါ်နေလူထုလူတန်းစား ဖြစ်သော်ငြားလည်း တစ်နေ့လုပ်တစ်နေ့စား ရှာရသည့် ဆင်းရဲသားအိမ်ထောင်စု မိသားစုများသည် ဆိုလာမီးရရှိရေးကို အထူးလိုအပ်လျက်ရှိပါသည်။ ဆင်းရဲသားအိမ်ထောင်စု၊ မိသားစုသားသမီးများသည် တချို့ကျောင်းသူ၊ ကျောင်းသားများ၏ စာဖတ်ရာတွင် ဖယောင်းတိုင်မီး၊ ဆီမီးခွက်တို့မှ မတော်တဆ အိမ်မီးလောင်သည်အထိ ဖြစ်ပျက်သည့်သာဓကများလည်းရှိပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၂(ဂ)တွင် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့်တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု အတိအလင်း ရေးဆွဲထားပါသည်။ မီတာဘောက် မတပ်ဆင်နိုင်သော ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနှင့် လက်လုပ်လက်စား အိမ်ထောင်မိသားစုများ ဆိုလာမီးတပ်ဆင်ပေးရန် အထူး စီစဉ်ပေးစေလိုပါသည်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့ပေါ် (၃)ရပ်ကွက်တွင်နေထိုင်ပြီး မီတာဘောက် မတပ်ဆင်နိုင်သော ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနှင့် လက်လုပ်လက်စား မိသားစုများအတွက် ဆိုလာမီး တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရွှေချောင်းကျေးရွာအုပ်စု၊ ပုသိမ်-မုံရွာကားလမ်းကြား ပေ(၆၀)အရှည် ရွှေချောင်းရွာ(လင်းဒူး) တံတားအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး က မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရွှေချောင်းကျေးရွာအုပ်စု၊ ပုသိမ် - မုံရွာ ကားလမ်းကြား ပေ(၆၀)အရှည် ရွှေချောင်းရွာ(လင်းဒူး) တံတားအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရွှေချောင်းကျေးရွာအုပ်စု၊ ပုသိမ် - မုံရွာ ကားလမ်းကြား ပေ(၆၀)အရှည် ရွှေချောင်းရွာ(လင်းဒူး) တံတားအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ အထက်ဖော်ပြပါ ပေ(၆၀)အရှည် ရွှေချောင်းရွာ(လင်းဒူး) တံတားကို ၂၀၁၄ ခုနှစ်မှာ ပြည်သူလူထုထည့်ဝင်ငွေနှင့် မြေနေရာဝယ်ယူခြင်း၊ အမြင့်ပေ(၃၀)ရှိ ကျောက်ကြီးကွန်ကရစ်ရိုး(၂)ခု ဆောင်ရွက်ခြင်းတို့ကိုပြုလုပ်၍ တိုင်းဒေသကြီးရန်ပုံငွေ သိန်း(၅၀)ဖြင့် ပြည်သူလူထုထည့်ဝင်ငွေ (၂၆)သိန်း၊ စုစုပေါင်းထည့်ဝင်ငွေ (၇၆)သိန်းဖြင့် သံဘောင်တင် ပျဉ်စီ ဆောက်လုပ်ခဲ့ပါတယ်။ ယခုအခါမှာ ၎င်းတံတားအနောက်ဘက်မှာ သံဘောင်နိမ့်ကျပြီးတော့ တံတားတစ်ဖက်ကိုစောင်းသွားပြီး အန္တရာယ်ရှိနေသောတံတားဖြစ်ပါတယ်။ သို့ပါသောကြောင့် ၎င်းတံတားကို ဖြတ်သွားသော လှေစေအုပ်စု၊ ရွှေချောင်းအုပ်စုမှ ငပက်အိုင်၊ သီးကုန်း၊ ကျောက်ထပ် စသည့်ရွာများ အပြင် ရွှေချောင်းရွာမကြီးရွာ အိမ်ခြေ (၁၉၂)အိမ်၊ အ.လ.က(ခွဲ)နှင့် တောင်ယာလုပ်သူတဲပေါင်း (၉၇)တဲမှ လူဦးရေ(၁၂၄၈)ဦးတို့ဟာ မိုးရာသီမှာ အခက်ကထားပြီး ဒီလမ်းကို သွားနေရခြင်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ တောင်သူများဟာ တောင်ယာလယ်လုပ်ရာမှာ မရှိမဖြစ် အသုံးပြုနေသော ၎င်းတံတားအား ပြန်လည်ပြုပြင်ဖို့ မစွမ်းဆောင်နိုင်တဲ့အတွက် ၎င်းတံတားအား ပြုပြင်မွမ်းမံ ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြတောင်းခံအပ်ပါတယ်။ လေးစားစွာဖြင့် အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ လှပခြင်းကျေးရွာအုပ်စု၊ လှပခြင်းရေတံခါးမှ မြောင်းလက်တက်ကို ဆည်မြောင်းဌာန၏ဇလားပုံစံအုတ်ရိုး ပေ(၅၀၀)ခန့် ကာရံပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း က ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ လှပခြင်းကျေးရွာအုပ်စု၊ လှပခြင်းရေတံခါးမှ မြောင်းလက်တက်ကို ဆည်မြောင်းဌာန၏ ဇလားပုံစံအုတ်ရိုး ပေ(၅၀၀)ခန့် ကာရံပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ လှပခြင်းကျေးရွာအုပ်စု၊ လှပခြင်းရေတံခါးမှ မြောင်းလက်တက်ကို ဆည်မြောင်းဌာနရဲ့ ဇလားပုံစံအုတ်ရိုး ပေ(၅၀၀)ခန့် ကာရံပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်၌ စတင်ဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်း မေးမြန်းခြင်း ဖြစ်ပါတယ်။

နတ်တလင်းမြို့နယ် အတွင်းရှိ တောင်ညိုမကျီးပင် ရေလှောင်တမံမှ စီးဆင်းလာတဲ့ ရေဟာ လှပခြင်း ရေလွှဲတံခါးကို ဖြတ်သန်းပြီး ထိပ်ပိတ်ကျေးရွာအုပ်စုဘက်သို့ ရေလွှဲပေးမှုကြောင့် ပေ(၁၀၀) လမ်းမကြီးကို ရေများ ကျော်လွန်ဖြတ်သန်းသွားတဲ့အပြင် ရိုးမြောင်းမှ မိုးရာသီတွင် ရေကြီး၊ ရေလျှံ တိုက်စားမှုဒဏ်ကြောင့် မြေပြိုကျကာ ရိုးမြောင်းနံဘေးနေ ပြည်သူတို့ရဲ့နေအိမ်များ နှစ်စဉ်ရေဘေး အန္တရာယ် ကြုံတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းလှပခြင်းကျေးရွာရှိ ထိပ်ပိတ်အုပ်စု၊ ရွှေကြာပင်အုပ်စုတို့က အဆိုပါ ရိုးမှရေဟာ လယ်ဧကများနဲ့ လယ်သမားများအတွက် ရေလုံလောက်စွာရရှိနေသော်လည်း လယ်မရှိတဲ့ လက်လုပ်လက်စား ရိုးနံဘေးတွင်နေထိုင်ကြတဲ့ အိမ်ထောင်စု (၁၅)(၁၆)၊ လူဦးရေ (၆၀)ခန့်ဟာ ရေဘေးဒုက္ခ နှစ်စဉ်ကြုံနေရလို့ ဒီတစ်မိုးမကျခင် ပွင့်လင်းရာသီအမီ ချောင်းလက်တက်ကို မပြုပြင် ပါက ရိုးနံဘေးမှာရှိနေတဲ့နေအိမ်များ မျောပါပျက်စီးဆုံးရှုံးတော့မယ့်အန္တရာယ် မလွဲမသွေ ကြုံရတော့ မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ရေလွှဲပေးသောရိုးမြောင်းကို ၁၉၉၉ ခုနှစ်လောက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ပြည်သူများကို အဓမ္မလုပ်အားပေး ဖောက်လုပ်စေခိုင်းခဲ့ရာမှာ ယောကျ်ားလုပ်သူက ထမင်းစားဖို့ ထွက်ရှာနေရင် ဇနီးနှင့် သားသမီး များက မြေကျင်းတူးပေးရ၊ တချို့မှာ နေ့ဘက်ထွက် အလုပ်လုပ်ရသဖြင့် ညဘက် ပြန်လာတဲ့အခါ ဖယောင်းတိုင်မီးထွန်းပြီး သတ်မှတ်ပေးထားတဲ့ မြေကျင်းကို တူးပေးကြရတဲ့အတွက် ခါးသီးစွာ ခံစားခဲ့ ကြရတဲ့ဘဝက ယခုလို အရပ်သားအစိုးရခေတ်ရောက်လာ၍ နိုင်ငံခြားချေးငွေများလည်း အပြိုင် အဆိုင်ဝင်လာနေချိန်မှာ ဒီရေလွှဲတံခါးမှ မြောင်းလက်တက်ကို ဆည်မြောင်းဇလားပုံစံအုတ်ရိုး ပေ(၅၀၀)ခန့် ကာရံပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်၌ စတင်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း နတ်တလင်းမြို့နယ်၊ လှပခြင်းကျေးရွာအုပ်စုမှ ပြည်သူများက သိလိုပါကြောင်း အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူတို့ကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ်ရှိ နိုင်ငံတော်မှ ဆောက်လုပ်ပေးခြင်း မရှိသေးသည့် ဌာနဆိုင်ရာရုံးများအား အမြန်ဆုံး ဆောက်လုပ်ပေးပြီး၊ ဝန်ထမ်းအင်အား ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် ပီချောင်းမှ ရေသွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ်ရှိ နိုင်ငံတော်မှ ဆောက်လုပ်ပေးခြင်း မရှိသေးသည့် ဌာနဆိုင်ရာရုံးများအား အမြန်ဆုံး ဆောက်လုပ်ပေးပြီး၊ ဝန်ထမ်းအင်အား ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ပီချောင်းမှ ရေသွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ်ရှိ နိုင်ငံတော်မှ ဆောက်လုပ်ပေးခြင်းမရှိသေးသည့် ဌာနဆိုင်ရာရုံးများအား အမြန်ဆုံး ဆောက်လုပ်ပေးပြီး၊ ဝန်ထမ်းအင်အား ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ပီချောင်းမှ ရေသွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသော မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ဆမီးမြို့ဟာ ၂၀၁၃ ခုနှစ်တွင် ဆမီးကျေးရွာအုပ်စုကို ရပ်ကွက်(၃)ခုဖြင့် စုစည်းပြီး ဆမီးမြို့အဖြစ် အဆင့်တိုးမြှင့် ဖွဲ့စည်းပေးသော မြို့ဖြစ်ပါတယ်။ မြို့အဆင့် တိုးမြှင့်ပြီးနောက် မြို့ပေါ်ရှိဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ပေးခဲ့ပါတယ်။ တချို့သောဌာနဆိုင်ရာရုံးများအား နိုင်ငံတော်မှ တာဝန်ယူဆောက်လုပ်ပေးပြီးဖြစ်သော်လည်း ယနေ့အထိ ဆောက်လုပ်ခြင်းမရှိသေးသောဌာနများရှိသေးကြောင်း တွေ့ရှိခဲ့ရပါတယ်။ ရုံးမြေနေရာများရှိပြီးဖြစ်သော်လည်း ရုံးဆောက်လုပ်ပေးခြင်းမရှိသောကြောင့် အိမ်များကို ငှားရမ်းပြီး ရုံးများဖွင့်လှစ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ တချို့သောဦးစီးဌာနများတွင် ဝန်ထမ်းများ လစ်လပ်နေကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ လစ်လပ်နေသော ဌာနဆိုင်ရာမှ ဝန်ထမ်းများအား ချပေးပါရန် လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆမီးမြို့ပေါ်ရှိ ရပ်ကွက်(၃)ခုအတွင်း ပြည်သူများအား မြို့စည်ပင်သာယာရေးကော်မတီမှ ရေပေးလျက်ရှိသော်လည်း မြို့ပေါ်ရှိလူဦးရေ သုံးပုံတစ်ပုံကိုသာ ရေဖြန့်ဝေနိုင်ခဲ့ပါတယ်။ မြို့ပေါ်ရှိပြည်သူများ ရေလုံလောက်စွာ ရရှိရန်အတွက် ရပ်ကွက်(၃)ခုအနီးရှိ ပီချောင်းအား စည်ပင်မှလေ့လာကွင်းဆင်းပြီး ရေသွယ်နိုင်ရန် အမှုတွဲများပြုလုပ်ပြီး သက်ဆိုင်ရာဌာနသို့ တင်ပြပြီးဖြစ်ပါတယ်။ ပီချောင်းမှ ရေသွယ်ယူပြီးပါက ပြည်သူများ ရေလုံလောက်စွာရရှိမည် ဖြစ်ပါတယ်။

နွေရာသီတွင် ရေရှားပါးမှု၊ သောက်သုံးရေ မသန့်ရှင်းမှုများကြောင့် မြို့ပေါ်နေပြည်သူများနှင့် တချို့သော အုပ်စုကျေးရွာများတွင်လည်း ဝမ်းရောဂါများ မကြာခဏ ဖြစ်ပေါ်လျက်ရှိပါတယ်။ မြို့ပေါ်တွင် တစ်နှစ်ပြီး တစ်နှစ် လူဦးရေများပြားလာခြင်း၊ နယ်မှ ကျောင်းသူ၊ ကျောင်းသားများ နှစ်တိုင်း (၁၀၀၀)ကျော် လာရောက်ပညာသင်ယူနေခြင်းကြောင့် သောက်သုံးရေ မရှိမဖြစ် လိုအပ်နေကြောင်း ပြည်သူများကိုယ်စား ပီချောင်းမှ ရေသွယ်ယူပေးပါရန် တင်ပြရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ်ရှိ နိုင်ငံတော်မှ ဆောက်လုပ်ပေးခြင်းမရှိသေးသည့် ဌာနဆိုင်ရာရုံးများအား အမြန်ဆုံး ဆောက်လုပ်ပေးပြီး ဝန်ထမ်းအင်အားဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် ပီချောင်းမှ ရေသွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ ကျုံးတိုက်နယ်တွင် တည်ရှိသော ရေမျက်ကြီးကန်မှ ရေရှားပါးသော ကျေးရွာ(၁၂)ရွာအား ရေပေးဝေရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး က ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ ကျုံးတိုက်နယ်တွင် တည်ရှိသော ရေမျက်ကြီးကန်မှ ရေရှားပါးသော ကျေးရွာ(၁၂)ရွာအား ရေပေးဝေရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်ရှင်။ ကျွန်မရဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်ရှင်။

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းမှာရှိတဲ့ ကျုံးတိုက်နယ် မြို့မ၊ ကုန်းပေါ်၊ ကုန်းစောင်း၊ အလယ်ရွာ၊ လက်ပံပင်၊ ဂေါ်ရာကုန်း၊ မြေနီကျင်းစတဲ့ ရွာတွေနဲ့ ပေါစံသီး၊ မြေခြားမြောက်၊ ပိန္နဲပင်၊ သစ်ယားပင်၊ ဖောင်းတောစတဲ့ ကျေးရွာ(၁၂)ရွာဟာ ရေအင်မတန်မှ ရှားပါးတဲ့ဒေသတွေ ဖြစ်ပါတယ်။ မိုးကာလမှာ မိုးရေတင်နေတဲ့ ရေကန်တွေမှာ ကျွဲ၊ နွားနဲ့လူ အတူတူ သောက်သုံးနေရပြီး ရေမသန့်ရှင်းမှုကြောင့် ကျန်းမာရေးထိခိုက်စေနိုင်ပါတယ်။ နွေကာလတွင်မူ ရေကို မမြင်ရလောက်အောင် ရှားပါးတဲ့ ရွာတွေဖြစ်ပါတယ်။ စက်ရေတွင်းတွေ တူးဖော်သော်လည်း အောင်မြင်မှုတွေ မရရှိခဲ့ပါဘူးရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ တကယ်မြေပြင်မှာ သဘာဝရေထွက် ရေမျက်ကြီးကန် တည်ရှိပါတယ်ရှင်။ အဲဒီ ရေမျက်ကြီးကန်ဟာ ရွာတွေအောက်ဖက် နိမ့်တဲ့နေရာမှာရှိပြီး ကြမ်းတမ်းတဲ့ ခရီးလမ်းကြောင့် နွားလှည်းများ၊ ထော်လာဂျီများဖြင့် သယ်ယူရာတွင် အလွန်ခက်ခဲလှပါတယ်။ ဒါကြောင့် ရေမျက်ကြီးကန်မှ ရေကို ရေစစ်ကန်ပြုလုပ်ပြီး ကျေးရွာများသို့ ဖြန့်ဖြူးပေးနိုင်မည်ဆိုပါက ရေရှားပါးနေတဲ့ ဒီကျေးရွာတွေရဲ့ ရေရှားပါးမှုကို ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်ရှင်။ ဒါကြောင့် ရေရှားပါးမှုကြောင့် ရေကို လိုလားတောင့်တနေကြတဲ့ ကျေးရွာနေပြည်သူများကိုယ်စား ရေမျက်ကြီးကန်မှ ရေသွယ်ယူပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး ရဲ့ မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော် မှ ဦးစွာဖြေကြားပေးပါမယ်။

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်း ဂျိုင်းမြစ်ပေါ်မှာ အကောင်အထည်ဖော် ဆောင်ရွက်ထားတဲ့ ဓမ္မသကျေးရွာနဲ့ ကော့ပလိုင်ကျေးရွာကြားမှာရှိတဲ့ ဓမ္မသလျှပ်စစ်မြစ်ရေတင် စီမံကိန်းကို မူလက ဒေသတွင်း လယ်ယာမြေဧက (၅၀၀၀)ကို အကျိုးပြုနိုင်ဖို့အတွက် အဆင့်(၃)ဆင့် ခွဲပြီး စပါးအပါအဝင် သီးနှံများ ရေပေးစိုက်ပျိုးနိုင်ဖို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ယနေ့အထိ မြို့ပြပိုင်း(Civil Work) (၉၈)ရာခိုင်နှုန်း၊ လျှပ်စစ်အပိုင်း (၈၇)ရာခိုင်နှုန်းနဲ့ စက်မှုပိုင်းဆိုင်ရာ လုပ်ငန်းပိုင်း(၄၄)ရာခိုင်နှုန်း ပြီးစီးထားပြီး ဖြစ်ပါတယ်။ နှစ်စဥ် ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီး ဆောင်ရွက်ခဲ့ရတဲ့အတွက်ကြောင့် ယခု အဆင့်(၁)ပြီးစီးတဲ့ အပိုင်းကနေပြီး ဧက(၁၅၀၀) ရေပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ယင်းအနက်မှ ယခုနှစ်မှာ နွေရာသီ နွေစပါးဧက(၁၀၀)နဲ့ အခြားဆောင်းသီးနှံ ဧက(၁၀၀) စတင်ရေပေးဖို့အတွက်လည်းပဲ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဓမ္မသလျှပ်စစ်မြစ်ရေတင် စီမံကိန်းဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရာနှုန်းပြည့် ပြီးစီးခြင်းမရှိသော်လည်းပဲ ဒေသနေ တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းစေရေးအတွက် တတ်စွမ်းသမျှ သီးနှံစိုက်ဧကများ ရေပေးဝေဖို့ စီမံဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ အထက်ဖော်ပြပါ လျှပ်စစ်

မြစ်ရေတင်စီမံကိန်းအတွက် တူးမြောင်းဖောက်စဉ်က အသုံးပြုခဲ့ရတဲ့ တောင်သူ(၄၈)ဦးရဲ့ မြေဧရိယာ (၆၃.၃၉)ဧကအတွက် ထိုစဉ်က မြေယာလျော်ကြေးပေးချေမှု မရှိခဲ့ပါကြောင်း သိရှိရပါတယ်။

ယခုအခါမှာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခဲ့စဉ်ကာလက နစ်နာခဲ့ရတဲ့ မြေယာတွေအတွက်၊ တောင်သူတွေအတွက် မြေယာလျော်ကြေးများ ရရှိရေးနဲ့ စပ်လျဉ်းပြီးတော့ လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်ကိုလည်းပဲ ဖွဲ့စည်းပြီး စီမံဆောင်ရွက်ပေးလျက် ရှိပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ဓမ္မသမြစ်ရေတင် စီမံကိန်းလုပ်ငန်းဆောင်ရွက်စဉ်ကာလက ဖြစ်ပေါ်ခဲ့တဲ့ တောင်သူတွေရဲ့နစ်နာမှုအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာ ပြည်နယ် လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရခြင်း ပြန်လည်စိစစ်ရေးကော်မတီမှ စိစစ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ယင်းမှတစ်ဆင့် လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ပေးသွားနိုင်ဖို့အတွက် မွန်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး ရဲ့ မေးခွန်းအား ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးတင်း မှ ဖွံ့ဖြိုးမှု နည်းပါးတဲ့ မြို့အစွန်ဒေသအဖျားနေပြည်သူတွေရဲ့ လူမှုဘဝမြှင့်တင်နိုင်ဖို့အတွက် ယခုလို ကွင်းဆင်းစိစစ်ပြီး မေးမြန်းတဲ့ မေးခွန်းအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့ပေါ်မှာရှိတဲ့ ရပ်ကွက်(၃)ရပ်ကွက်ရဲ့ မီတာဘောက် မတပ်ဆင်နိုင်တဲ့ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနဲ့ လက်လုပ်လက်စား မိသားစုများအတွက် ဆိုလာမီးတပ်ဆင်ပေးရေး မေးခွန်းနဲ့ စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။

လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ကျေးလက်ကုန်ထုတ်လုပ်ငန်း အပါအဝင် ကျေးလက်လမ်းတံတား ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်သောက်သုံးရေ ရရှိရေးလုပ်ငန်းများနဲ့ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ ၂၀၃၀ မှာ တစ်နိုင်ငံလုံး လျှပ်စစ်မီး ရရှိရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းပြီး အမျိုးသားလျှပ်စစ်မီးလင်းရေး စီမံချက်ရေးဆွဲခဲ့ပြီး ဖြစ်ပါတယ်။ စီမံချက်ပါ အကောင်အထည်ဖော်လုပ်ငန်းတွေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မဟာဓာတ်အားလိုင်း ပြင်ပစနစ် Off-Grid ကို ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး မဟာဓာတ်အားလိုင်းစနစ်(On-Grid) လျှပ်စစ်မီးလင်းရေးလုပ်ငန်းကိုတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အဆိုပါစီမံကိန်းအရ ကျေးရွာများ ရွေးချယ်တဲ့အခါမှာလည်းပဲ မဟာဓာတ်အားလိုင်းမှနေ (၁၀)မိုင်ကျော် ဝေးကွာပြီး နောင် (၁၀)နှစ်အတွင်း ဓာတ်အားလိုင်း မရောက်ရှိနိုင်သေးတဲ့ ကျေးရွာတွေ ပြည်သူမှ ဘဏ္ဍာငွေ အချိုးကျ ထည့်ဝင်နိုင်တဲ့ ကျေးရွာတွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့လည်း ဖြစ်ပါတယ်။ စီမံကိန်းအရ ဆောင်ရွက်မယ့် ဆိုလာစနစ်မှာတော့ တစ်အိမ်သုံးဆိုလာစနစ်အတွက် ပြည်သူထည့်ဝင်ငွေ (၁၀)ရာခိုင်နှုန်းခန့်၊ ဆိုလာ သို့မဟုတ် ရေအားလျှပ်စစ် အသုံးပြုအသေးစားဓာတ်အားလိုင်း (Mini-Grid) စနစ်အတွက် ပြည်သူထည့်ဝင်ငွေ (၂၀)ရာခိုင်နှုန်းခန့် စသည်ဖြင့် ပြည်သူမှ ထည့်ဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အဆိုပါစီမံကိန်းအရ ချင်းပြည်နယ်အတွင်း တီးတိန်၊ မင်းတပ်၊ ကန်ပက်လက်၊ ထန်တလန်၊ ပလက်ဝနဲ့ တွန်းဇံမြို့နယ်များမှာရှိတဲ့ ကျေးရွာ (၂၉၀)၊ အိမ်ခြေပေါင်း(၁၁၂၉၁)အိမ်အား ရန်ပုံငွေကျပ် (၄၄၁၁.၀၆၁)သန်းဆိုလာမီးလင်းရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ ပလက်ဝမြို့ပေါ်(၃)ရပ်ကွက်မှာရှိတဲ့ မီတာဘောက်မတပ်ဆင်နိုင်တဲ့ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနဲ့ လက်လုပ်လက်စား မိသားစုများအတွက် ဆိုလာမီးတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်၍ မိမိတို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဓာတ်အားလိုင်းပြင်ပမှာရှိတဲ့ ကျေးရွာတွေအတွက် မီးလင်းရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် မြို့ပေါ်ရပ်ကွက်များအတွက် ဆိုလာမီး တပ်ဆင်ပေးနိုင်ခြင်း မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်သန်းသန်းအေး ရဲ့ ကြယ်ပွင့်ပြ မေးခွန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကိုယ်စား ဖြေကြားပေးမည်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရွှေချောင်းကျေးရွာအုပ်စု၊ ပုသိမ်-မုံရွာ ကားလမ်းကြား ပေ(၆၀)အရှည် ရွှေချောင်း(လင်းဒူး)တံတားကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရွှေချောင်းကျေးရွာအုပ်စု၊ ရွှေချောင်းကျေးရွာနဲ့ ပုသိမ်-မုံရွာကားလမ်းကြား လင်းဒူးချောင်း တည်ရှိပါတယ်။ အဆိုပါ ချောင်းကို ဖြတ်ကူးထားတဲ့ လင်းဒူးချောင်းတံတားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း(၁၀၀၀)မှ ခွင့်ပြုငွေ ကျပ်သိန်း(၅၀)၊ ပြည်သူထည့်ဝင်ငွေ (၂၆)သိန်းတို့နဲ့ ကျောက်ကြီးစီကမ်းကပ်ခုံ သံဘောင်ယက်မ၊ သစ်သားကြမ်းခင်းတံတားတို့နဲ့ ကျေးရွာလူထုမှ တည်ဆောက်ခဲ့ကြောင်းသိရှိခဲ့ရပါတယ်။ အဆိုပါ တံတားဟာ ရွှေချောင်းကျေးရွာ အိမ်ထောင်စု(၂၄၇)စု၊ လူဦးရေ(၇၈၀)တို့ရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အားကိုးအားထားပြုရာ တံတားလည်းဖြစ်ကြောင်း သိရပါတယ်။ ယခု ကြံ့ခိုင်မှုအားနည်းပြီး ကားများသွားလာရန် အခက်အခဲရှိနေတယ်။ အဆိုပါ လင်းဒူးချောင်း

တံတား ပြုပြင်မှုအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးဘတ်ဂျက်မှာ လျာထား တင်ပြထားနိုင်ခြင်း မရှိကြောင်းလည်း သိရပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေကျပ်သန်း (၁၆၀)ဖြင့် (၈၀ x ၁၄ x ၁၂)ပေရှိတဲ့ ကွန်ကရစ် ကမ်းကပ်ခုံ၊ ကွန်ကရစ်တိုင်၊ သံဘောင်ယက်မ၊ ကွန်ကရစ်ကြမ်းခင်းတံတားအဖြစ် ဆောင်ရွက်ရန် လျာထားတင်ပြသွားမည် ဖြစ်ပါကြောင်းနဲ့ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပြန်လည်ရှင်းလင်းဖြေကြား အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းမှာ ပဲခူး တိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ လှပခြင်းကျေးရွာအုပ်စု၊ လှပခြင်းရေတံခါးမှ မြောင်းလက်တက် ကို ဆည်မြောင်းဌာနရဲ့ ဇလားပုံစံအုတ်ရိုး ပေ(၅၀၀)ခန့် ကာရံပေးရန် အစီအစဥ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။

သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ လှပခြင်းကျေးရွာအုပ်စု၊ လှပခြင်းကျေးရွာအနီး တောင်ညိုချောင်းမကြီးပေါ်မှာ ၁၉၉၉ ခုနှစ်အတွင်း (၅ ပေ x ၁၀ ပေ) ရေတံခါး(၁၄)ပေါက် ပါရှိတဲ့ လှပခြင်းရေတံခါးကို လူထုလုပ်အား ထည့်ဝင်ငွေနဲ့ တည်ဆောက်ထားပြီးတော့ လက်ယာဘက်မှာ ရေသွယ်မြောင်း(၂)ခုနဲ့ လက်ဝဲဘက်မှာ ရေသွယ်မြောင်း(၂)ခု ဖောက်လုပ်ခဲ့ကြပါတယ်။ အဆိုပါ မြောင်းလက်တက် ရေသွယ်မြောင်းဟာ လက်ယာဘက်အခြမ်းမှာရှိတဲ့ လှပခြင်းကျေးရွာအလယ်က ဖြတ်သန်းဖောက်လုပ်ထားတဲ့ ထိပ်ပိတ်မြောင်းလို့ ခေါ်တွင်တဲ့ ရေသွယ်မြောင်းဖြစ်ပါတယ်။ မိုးစပါး စိုက်ပျိုးဧက (၁၈၀၀)ကို အောင်ရေရယူနိုင်တဲ့မြောင်း ဖြစ်ပါတယ်။ ရေသွယ်မြောင်းဟာ လူထု လုပ်အားဖြင့် စတင်တူးဖော်ထားတဲ့ မြောင်းဖြစ်ခြင်းကြောင့် မြောင်းထိပ်မှာ ထိန်းချုပ်ရေတံခါး မပါရှိ ခြင်း၊ မြေပြင်အနိမ့်အမြင့်အရ သတ်မှတ်တဲ့ ဆင်ခြေလျော (Bed Slope) မပါရှိခြင်းတို့ကြောင့် မိုးရာသီ မှာ တောင်ညိုချောင်းအတွင်း ရေကြီးချိန် အဆိုပါရေသွယ်မြောင်းအတွင်းကို ရေများ အထိန်းအချုပ်မဲ့ စီးဝင်ပြီး ရေတိုက်စားမှု ဖြစ်ပေါ်လာတဲ့အတွက် ဒေသခံပြည်သူတွေရဲ့ နေအိမ်နဲ့ မြေနေရာများ ပြိုကျ ပျက်စီးမှုနဲ့ ကြုံတွေ့ခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။

လက်ရှိ ရေတိုက်စားထားတဲ့ အခြေအနေအရ အဆိုပါ နေရာမှာ လိုအပ်တဲ့ ဆင်ခြေလျော (Bed Slope) ရရှိစေဖို့အတွက် မြေပြန်လည်ဖို့ခြင်း၊ တူးမြောင်းအောက်ခြေ ကျောက်ကြီးစီခြင်း၊ အောက်ခြေ(၅)ပေကို အမြင့်(၅)ပေရှိတဲ့ အုတ်စီရေမြောင်းကို ကွန်ကရစ်တိုင်၊ ထုတ်တို့နဲ့ ထည့်သွင်း တည်ဆောက်ခြင်း၊ ထိန်းချုပ်တံခါးတပ်ဆင်ခြင်းနဲ့ ရေငြိမ်ကန်တစ်ခုတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်(၁၂၀)သန်း ရှိမည်ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ ရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေစာရင်းမှာ ထည့်သွင်းလျာထားပြီး ဖြစ်တဲ့အလျောက် ခွင့်ပြုထားတဲ့

ရန်ပုံငွေရရှိမှုနဲ့အတူ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အပေါ် အခြေခံပြီး ဖြေကြားရမယ်ဆိုပါက (က) ဆမီးမြို့မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး (၁)ရုံး၊ မြို့အုပ်ချုပ်ရေးမှူးနေအိမ် (၂)ခန်းတွဲ (၁)လုံး၊ ဝန်ထမ်းအိမ်ရာ (၆) ခန်းတွဲ(၁)လုံး၊ အုတ်ညှပ်အဆောက်အဦ(၃)ခု ဆောက်လုပ်ပြီးဖြစ်ပါတယ်။ လစ်လပ်လျက်ရှိတဲ့ အကြီးတန်းစာရေး (၁)နေရာနဲ့ အငယ်တန်းစာရေး (၂)နေရာအတွက် ဝန်ထမ်းခန့်ထားနိုင်ရေးကိုလည်းပဲ လုပ်ထုံးလုပ်နည်းနဲ့အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဆမီးနယ်မြေရဲစခန်းအတွက် အချုပ်ခန်းပါ ရဲစခန်းအဆောက်အဦ (၁)လုံး၊ အိမ်ရာ (၆)ခန်းတွဲ (၁)လုံး ဆောက်လုပ်ပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအရ လက်ရှိနယ်မြေရဲစခန်းမှာ အရာရှိ(၈)ဦး၊ အခြားအဆင့်(၃၇)ဦး၊ စုစုပေါင်း(၄၅)ဦးရှိမည်ဖြစ်ပါတယ်။

သို့သော်လည်း ချင်းပြည်နယ် ရဲတပ်ဖွဲ့မှာ အနေကြာပြောင်းရွှေ့တပ်ဖွဲ့ဝင်တွေအစားပြောင်းဝင်တပ်ဖွဲ့ဝင်များ မရောက်ရှိသေးတဲ့အတွက် လက်ရှိအားဖြင့် ဝန်ထမ်းအင်အား လျော့နည်းနေရခြင်းဖြစ်ပါတယ်။ လက်ရှိ နယ်မြေရဲစခန်းမှာ အရာရှိ(၂)ဦး၊ အခြားအဆင့်(၂၄)ဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပြီး ဖွဲ့စည်းပုံပြည့် တာဝန်ထမ်းဆောင်နိုင်ရေးအတွက်ကို စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဆမီးနယ်မြေ မီးသတ်စခန်းအတွက် အဆောက်အဦ (၁)လုံး ဆောက်လုပ်ပြီးဖြစ်ပါတယ်။ နယ်မြေမီးသတ်စခန်းမှာ ဖွဲ့စည်းပုံဝန်ထမ်းအင်အား ခွင့်ပြုထားတဲ့ (၉)ဦးနဲ့ လက်ထောက်မီးသတ်ဦးစီးမှူး (၁)ဦး၊ မီးသတ်တပ်ကြပ်ကြီး (၂)ဦး၊ မီးသတ်ဒုတပ်ကြပ် (၂)ဦး၊ စုစုပေါင်း(၇)ဦးခန့်အပ်ပြီး၊ မြို့ရဲ့မီးဘေးလုံခြုံရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြပါတယ်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးရဲ့ သဘောတူညီချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံအသစ်အရ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့တဲ့အတွက် ဆမီးမြို့ရုံးဟာ ပလက်ဝမြို့နယ် ဦးစီးမှူးရုံးရဲ့ ရှေ့တန်းအဖြစ် ထုတ်နုတ်အင်အားဖြင့်သာ ရုံးလုပ်ငန်းများ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဆမီးမြို့ ဦးစီးရုံး ဆောက်လုပ်ဖို့ လျာထားတင်ပြခဲ့သော်လည်းပဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်အား ဘောင်သတ်မှတ်ပေးအပ်ခဲ့တဲ့အတွက် ရန်ပုံငွေလုံလောက်မှု မရှိသောကြောင့် ရုံးအဆောက်အဦအဖြစ်ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးကြောင်း တင်ပြအပ်ပါတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဆမီးမြို့ရုံး ဆောက်လုပ်ရေးနဲ့ ပတ်သက်ပြီး မြေနေရာရရှိရေးကို ဆောက်ရွက်ခဲ့တဲ့အခါမှာ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင် (၁၇)မှာ လိုအပ်သော မြေအကျယ်အဝန်း ရရှိပြီး ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရုံးအဆောက်အအုံသစ် ဆောက်လုပ်ခွင့်ရရှိဖို့အတွက် ဘဏ္ဍာ

ငွေလျာထား ဆောင်ရွက်ခဲ့သော်လည်းပဲ ငွေလုံးငွေရင်းရန်ပုံငွေ ခွဲဝေရရှိမှု လုံလောက်ခြင်းမရှိတဲ့ အတွက် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနဲ့ ဝန်ထမ်းများ ခန့်အပ်ရာမှာ မူလဖွဲ့စည်းပုံရဲ့ သုံးပုံ နှစ်ပုံအင်အားကိုသာ ခန့်အပ်ရမယ့် မူအရ ဆမီးမြို့မှာ ခွင့်ပြုအင်အား (၆)ဦးနဲ့ ကန့်သတ်အင်အား (၄) ဦးကို ဒုတိယဦးစီးမှူး(၁)ဦး၊ ခါတ်ပုံကျွမ်းကျင်-၂ (၁)ဦး၊ ရုပ်သံကျွမ်းကျင်-၃(၂)ဦး၊ စုစုပေါင်း(၄)ဦး ခန့်ထားပေးခဲ့ပြီး ဖြစ်ပါတယ်။

လမ်းဦးစီးဌာန၊ ဆမီးမြို့ရုံးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဆမီးမြို့အင်ဂျင်နီယာရုံး သွပ်မိုး၊ ကွန်ကရစ်ခင်း (၁)လုံးအတွက် ခွင့်ပြုငွေကျပ် (၃၆)သန်းဖြင့်လည်းကောင်း၊ ဆမီးမြို့ အင်ဂျင် နီယာနေအိမ်သွပ်မိုး၊ ကွန်ကရစ်ခင်း (၁)လုံးအတွက် ခွင့်ပြုငွေကျပ် (၂၃)သန်းဖြင့်လည်းကောင်း၊ ဝန်ထမ်းနေအိမ်(၂)ခန်းတွဲ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး(၂)လုံးအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်(၂၅)သန်းဖြင့် လည်းကောင်း ဆောက်လုပ်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဝန်ထမ်းနေအိမ် အုတ်ညှပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း(၁)လုံး ခွင့်ပြုရန်ပုံငွေကျပ် သန်း(၁၀၀)နဲ့ ထပ်မံတည်ဆောက်သွားဖို့ ရှိပါတယ်။ ဆမီးမြို့ အင်ဂျင်နီယာရုံးဖွဲ့စည်းပုံ ဝန်ထမ်းအင်အား ခွင့်ပြု(၆)ဦးနဲ့ အငယ်တန်း အင်ဂျင်နီယာ-၁ မြို့ပြ(၁)ဦး၊ စာရင်းကိုင်-၄ (၁)ဦးနဲ့ ယန္တရားမောင်း-၄(၁)ဦး၊ စုစုပေါင်း ဝန်ထမ်း(၃)ဦး ခန့်ထားပြီး ဖြစ်ပါတယ်။ လစ်လပ်တဲ့ (၃)နေရာအတွက် ထပ်မံခန့်ထားနိုင်ရေးကို ဆက်လက်စီမံ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆမီးမြို့ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် (၁၆)သန်းနဲ့ ဆောက်လုပ်ပြီးဖြစ်ပါတယ်။ ဌာနရဲ့ ခွင့်ပြု ဖွဲ့စည်းပုံအင်အား (၅)ဦးနဲ့ မြို့လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဌာနဦးစီးမှူး၊ ဒုတိယဦးစီးမှူး အပါအဝင် (၃)ဦးခန့်ထားပြီး ဌာနရဲ့လုပ်ငန်းများ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဆမီးမြို့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနအနေနဲ့ လိုအပ်တဲ့ရုံးအဆောက်အဦ(၁)လုံးနဲ့ ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ (၁)လုံး ဆောက်လုပ်ပြီးဖြစ်ပါတယ်။ လက်ထောက်ကြီးကြပ်ရေးမှူး (၁)ဦး သာခန့်ထားနိုင်ပြီး လစ်လပ်တဲ့ ဒုတိယဦးစီးမှူး (၁)နေရာအတွက် ခန့်ထားခွင့်ရရှိရေးကို ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မြို့နယ်ဦးစီးမှူးရုံး(၁)လုံး၊ မြို့နယ် ဦးစီးမှူးနေအိမ်(၁)လုံး၊ ဝန်ထမ်း(၂)ခန်းတွဲ နေအိမ်(၁)လုံး၊ စုစုပေါင်းအဆောက်အဦ (၃)လုံး ဆောက်လုပ်ပြီး ဝန်ထမ်းအနေနဲ့ မြို့နယ်ဦးစီးမှူးအပါအဝင် (၅)ဦးခန့်ထားပြီး လုပ်ငန်းများဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဆမီးမြို့ (အ.ထ.က)ကျောင်းဆောင်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းခွင့်ပြုငွေ ကျပ်(၅၄)သန်းနဲ့ ဆောက်လုပ်ပြီးဖြစ်ပါတယ်။ ဌာနရဲ့ ခွင့်ပြုဖွဲ့စည်းပုံအင်အား (၄၇)ဦးနဲ့ ယခုအခါမှာ ပညာရေးဝန်ထမ်း (၄၃)ဦးခန့်ထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆမီးမြို့ လျှပ်စစ်မှူးရုံးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ မြို့နယ်လျှပ်စစ်မှူးရုံး(၁)လုံး၊ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၁)လုံးနဲ့ ဒီဇယ်ဓါတ်အားပေးစက်ရုံ(၁)ခုတို့ ကိုလည်းပဲ တည်ဆောက်ပေးပြီး ဖြစ်ပါတယ်။ ရုံးတွင်းဝန်ထမ်းဖွဲ့စည်းပုံအရ လက်ထောက်ကြီးကြပ် ရေးမှူး(မြို့နယ်)(၁)ဦး၊ လျှပ်စစ်ကျွမ်းကျင်-၃ (၁)ဦး၊ ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး(မီတာ) (၁)ဦး၊ စာရင်းကိုင်-၄ (၁)ဦး၊ ရုံးအကူ(၁)ဦး၊ စုစုပေါင်း(၅)ဦးကို ခွင့်ပြုထားပြီး လက်ရှိမှာ လက်ထောက် ကြီးကြပ်ရေးမှူး မြို့နယ်(၁)ဦးကို ခန့်ထားပြီးဖြစ်ပါတယ်။

ဆမီးမြို့ရဲ့ မီးသုံးစွဲမှုအခြေအနေအရ နေ့စားမီတာ(၁)ဦးကိုလည်းကောင်း၊ နေ့စား(လိုင်း) (၁)ဦးကိုလည်းကောင်း ခန့်ထားနိုင်ဖို့အတွက်ကိုလည်းပဲ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ မြို့မီးသုံးစွဲသူများပြားလာပါက လိုအပ်တဲ့ဝန်ထမ်းများကိုလည်း အပြည့်အဝ ရရှိခန့်ထားနိုင်ဖို့ကိုလည်း ဆောင်ရွက်ပေးသွားမယ်ဖြစ်ပါတယ်။ ပလက်ဝမြို့နယ်၊ ဆမီးမြို့မှာ စည်ပင်သာယာရေးအဖွဲ့ရုံးနဲ့ ဝန်ထမ်းအိမ်ရာကို ဆောက်လုပ်ခဲ့ပြီး ဝန်ထမ်း(၂)ဦးကို ခန့်ထားတာဝန်ထမ်းဆောင်စေလျက်ရှိပါတယ်။ မြို့နေပြည်သူသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ပီချောင်းမှ ရေသွယ်ပေးနိုင်ဖို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာငွေ ခွဲဝေမှုအရ လတ်တလောဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းနဲ့ လိုအပ်တဲ့ ကွင်းဆင်းစစ်ဆေးမှုများကို ချင်းပြည်နယ်အစိုးရအဖွဲ့နဲ့ ဆက်စပ်ပြီး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ရဲ့ မေးခွန်းကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပေးမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ ကျုံးတိုက်နယ်မှာတည်ရှိတဲ့ ရေမျက်ကြီးကန်မှ ရေရှားပါးတဲ့ ကျေးရွာ(၁၂)ရွာကို ရေပေးဝေရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းမှာရှိတဲ့ ကျုံးတိုက်နယ် ကျုံး(မြို့မ)၊ ကုန်းပေါ်၊ ကုန်းစောင်း၊ အလယ်ရွာ၊ မြေနီကျင်း၊ ဂေါ်ရာကုန်း၊ ပေါစံသီး၊ လက်ပံပင်၊ ပိန္နဲပင်၊ မြေခြားမြောက်၊ သစ်ယားပင်နှင့် ဖောင်းတောကျေးရွာ (၁၂)ရွာတို့ တည်ရှိကြောင်း သိရှိရပါတယ်။ ရေရှားပါးတဲ့ကျေးရွာ(၁၂)ရွာအတွက် လက်ပံကျေးရွာမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မြေသားရေကန် (၁)ကန်၊ ဂေါ်ရာကုန်းကျေးရွာမှာ အင်ဂျင်နဲ့ ရေအမြင့်တင်ခြင်း လုပ်ငန်း(၁)ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ပေါစံသီးကျေးရွာမှာ မြေသားရေကန်(၂)ကန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သစ်ယားပင်ကျေးရွာမှာ မြေသားရေကန်(၁)ကန်၊ ဖောင်းတောကျေးရွာမှာ မြေသားရေကန် (၁)ကန်၊ နုန်းဆယ်ယူခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

အထက်ဖော်ပြခဲ့တဲ့ ကျေးရွာ(၇)ရွာမှ ကျုံးကျေးရွာမှာ စိမ့်စမ်း၊ အလယ်ရွာ၌ မြေသားရေကန်နဲ့ စိမ့်စမ်း၊ ကုန်းစောင်းကျေးရွာမှာ အုတ်မိုးရေလှောင်ကန်၊ ကုန်းပေါ်ကျေးရွာမှာ စိမ့်စမ်း၊ မြေနီကျင်းကျေးရွာမှာ စိမ့်စမ်း၊ မြေခြားမြောက်ကျေးရွာမှာ စိမ့်စမ်း၊ ပိန္နဲပင်ကျေးရွာမှာ အုတ်မိုးရေလှောင်ကန်နဲ့ ယခုလက်ရှိသုံးစွဲနေပြီး နွေရာသီ ရေရှားပါးချိန်မှာ သောက်သုံးရေ လုံလောက်မှုမရှိကြောင်းလည်း သိရပါတယ်။

ကျုံး(မြို့မ)၊ အလယ်ရွာ၊ ကုန်းစောင်း၊ ကုန်းပေါ်နှင့် မြေနီကျင်းကျေးရွာ (၅)ရွာအနီးတဝိုက်မှာ ကုန်စည်ဒိုင်တည်ရှိပါတယ်။ ရေမျက်ကြီးကန်က ရေရယူပြီးတော့ GI ပိုက်လိုင်း အလျား (၃၉၀၀)ပေနဲ့ အမြင့်တင်မော်တာနဲ့ ကုန်စည်ဒိုင်အနီးမှာ ရေဂါလန် (၁၅၀၀၀)ဆံ့တဲ့ ရေကန်ကို

တည်ဆောက်လို့ရှိရင် ထိုရေကန်မှရေကို ကျေးရွာ(၅)ရွာမှ လာရောက်ခပ်ယူ သုံးစွဲနိုင်မယ့်အခြေအနေ ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းရဲ့ ခန့်မှန်းကုန်ကျငွေမှာ (၃၈.၃၆)သန်းနဲ့ 11 KV လိုင်း(၃၉၀၀)ပေ၊ 50 KVA ထရန်စဖော်မာ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း ခန့်မှန်းကုန်ကျငွေ (၃၃.၆)သန်းရှိကြောင်း စိစစ်တွက်ချက်ရရှိပြီး ဖြစ်ပါတယ်။ အဆိုပါကုန်ကျငွေပေါင်း ကျပ်(၇၂.၄၆)သန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြဆောင်ရွက်သွားရန်ရှိပြီး ရန်ပုံငွေ မရရှိလို့ရှိရင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်မှာ လျာထားတင်ပြသွားမှာ ဖြစ်ပါတယ်။ မြေခြားမြောက်နဲ့ ပိန္နဲပင်ကျေးရွာတို့အနေနဲ့ ရေမျက်ကြီးရေထွက်နဲ့ အလှမ်းဝေးပြီး အဝီစိတွင်းတူးဖော်၍ မအောင်မြင်တဲ့အတွက်ကြောင့် ဂါလန်(၃၀၀၀၀)ဆံ့ သံကူကွန်ကရစ် အုတ်မိုးရေလှောင်ကန်(၂)ကန် တည်ဆောက်ခြင်းလုပ်ငန်းကို ခန့်မှန်းကုန်ကျငွေကျပ်(၂၂)သန်း၊ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မှာ မူတည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ တချို့အနေနဲ့ နွေရာသီမှာဆိုရင် ဒီ ပြည်သူတွေက ရေပြတ်လပ်မှုကြောင့် ဝမ်းရောဂါတွေ ရရှိပြီးမှ ဆေးရုံမှာ နေရာတောင် မဆံ့အောင်အထိ ရောက်နေကြရပါတယ်။ အဲဒီတော့ ကျွန်တော် မေးမြန်းချင်တာကတော့ ဒီ ၂၀၁၆-၂၀၁၇ မှာသော်လည်းကောင်း၊ ၂၀၁၇-၂၀၁၈ မှာသော်လည်းကောင်း လျာထားချက်မရှိသေးဘူးဆိုရင် ကျွန်တော်က ချင်းပြည်နယ် လျှပ်စစ်၊ စက်မှုနှင့်စည်ပင်ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်ကိုလည်း ဒီအကြောင်းတွေကို ကျွန်တော် အားလုံး တင်ပြပြီး ဖြစ်ပါတယ်။ ဆမီးမြို့ပေါ်မှာရှိတဲ့ မြို့စည်ပင်သာယာရေးအဖွဲ့ကိုလည်းပဲ အမှုတွဲတွေ လုပ်ခိုင်းပြီးတော့မှ အဲဒီချောင်းကို သူတို့ကို ကွင်းဆင်းခိုင်းပြီးတော့မှ အားလုံး အမှုတွဲ လုပ်ခိုင်းပြီးမှ တင်ပြပြီးဖြစ်ပါတယ်။ ဒီဝန်ကြီးဌာနအနေနဲ့ ဒီရန်ပုံငွေများရှိခဲ့ရင် ဒါမှမဟုတ် နိုင်ငံတကာမှ အကူအညီများရရှိခဲ့ရင် အဲဒီမြို့ပေါ်မှာ အထူးလိုအပ်နေတဲ့ရေကို အထူး ဦးစားပေးပြီးတော့မှ စီစဥ်ဆောင်ရွက်သွားရန် ပြည်သူများကိုယ်စား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြချက်နဲ့အညီ ဘတ်ဂျက်အခြေအနေ ရရှိမှုပေါ်မှာမူတည်ပြီး စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဘတ်ဂျက် အချိန်မီ မရရှိပါက တင်ပြချက်နဲ့အညီ နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေ၊ အထူးသဖြင့် ထောက်ပံ့ငွေပေါ့။ ထောက်ပံ့ငွေ ရရှိနိုင်တဲ့ဟာကို သက်ဆိုင်ရာ ထောက်ပံ့ငွေ ပေးမယ့်အဖွဲ့အစည်းများနဲ့ ညှိနှိုင်းပြီးတော့ စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ရုပ်သိမ်းရန် သဘောမတူကြောင်း ပြန်ကြားလာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက် ၃-၁၀-၂၀၁၆ ရက်နေ့ မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၄)ရက်မြောက် ၆-၁၀-၂၀၁၆ ရက်နေ့တွင် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အစားထိုး ကျင့်သုံးနိုင်မည့် ဥပဒေသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းသည့်အချိန်မှသာ ဤဥပဒေကို တစ်ပါတည်း ရုပ်သိမ်းသင့်ကြောင်း၊ ယခု တင်ပြလာသည့် ရုပ်သိမ်းသည့် ဥပဒေကြမ်းကို သဘောမတူကြောင်း ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၈ အရ လွှတ်တော်သို့ အသိပေး တင်ပြပါတယ်။

**ပြည်သူ့လွှတ်တော်က ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သဘောမတူကြောင်း ပြန်လည်ပေးပို့လာခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က သဘောမတူကြောင်း ပြန်လည်ပေးပို့လာခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉၊ နည်းဥပဒေခွဲ (က)အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေဟာဆိုရင် အပိုဒ် (၂)ပိုဒ်ပဲ ပါ ပါတယ်။ အပိုဒ်(၁)ဟာဆိုရင် အမည်ဖြစ်ပြီးတော့ အပိုဒ်(၂) ဟာဆိုရင် ရုပ်သိမ်းတဲ့ အကြောင်းအချင်းအရာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပြင်ဆင်ချက်တွေနဲ့ သဘောမတူတာမဟုတ်ဘဲနဲ့ ရုပ်သိမ်းခြင်းကို ကျိုးကြောင်းဖော်ပြချက်နှင့်တကွ သဘောမတူကြောင်း

အကြောင်းပြန်ကြားလာတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ဒီဥပဒေ တစ်ရပ်လုံးကို သဘောမတူတဲ့သဘော သက်ရောက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၉၉၊ နည်းဥပဒေခွဲ(က)နဲ့အညီ လွှတ်တော်နှစ်ရပ် သဘောကွဲတဲ့ဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်းပြီးတော့ ဆုံးဖြတ်နိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ အဆို တင်သွင်းအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က သဘောမတူခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က သဘောမတူသည့်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် တတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၀း၅၆ နာရီအချိန်တွင် ရပ်နားပါသည်။]